ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ*

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၄/၉၈)**

၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၁၉၉၈ ခုနှစ်၊ မတ်လ ၂၅ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၊ ပုဒ်မ ၅၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲငယ် (၉) တို့တွင် ပါရှိသော "ကောလိပ်" ဆိုသည့် စကားရပ်ရှေ့တွင် "ဒီဂရီကောလိပ်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။ (က) အစိုးရသည် တက္ကသိုလ်ပညာရေးနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ရန်၊ လမ်းညွှန်မှုပြုရန်နှင့် ကြီးကြပ်ရန်အလို့ငှာ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော တက္ကသိုလ်များ ဗဟိုကောင်စီကို ဖွဲ့စည်းရမည် -

* ပြည်ထောင်စုမြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း ၁၊ အမှတ် ၂၀၊ အတွဲ ၅၁၊ ၁၉၉၈ ခုနှစ်၊ မေလ (၁၅)ရက်၊ စာမျက်နှာ ၃၀၇။

(၁) ပညာရေးဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌ

(၂) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဝန်ကြီးများ၊ အဖွဲ့ဝင်

(၃) အစိုးရက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်များ အဖွဲ့ဝင်

(၄) ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာန၊ အဖွဲ့အစည်းအကြီးအကဲများ အဖွဲ့ဝင်

(၅) ပါမောက္ခချုပ်များ အဖွဲ့ဝင်

(၆) ဒီဂရီကောလိပ်နှင့် သိပ္ပံ ကျောင်းအုပ်ကြီးများ အဖွဲ့ဝင်

(၇) ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အတွင်းရေးမှူး

(ခ) အစိုးရသည် တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းရာတွင် လိုအပ်ပါက တက္ကသိုလ်များ ဗဟိုကောင်စီအဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

၄။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ (က) အစိုးရသည် တက္ကသိုလ်ပညာ အဆင့်အတန်း၊ သင်ရိုးမာတိကာ၊ စာမေးပွဲနှင့် ပညာရေးဆိုင်ရာ ကိစ္စအရပ်ရပ်ကို ကြီးကြပ်ရန် တက္ကသိုလ်ပညာရေးအဖွဲ့များ ကောင်စီကို ဖွဲ့စည်းရမည်။

(ခ) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(၁) ပညာရေးဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌ

(၂) ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ

| | | |
|---|---|---|
| (၃) | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးများ၊ | အဖွဲ့ဝင် |
| (၄) | အစိုးရက တာဝန်ပေးသည့် ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (၅) | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာ ဝန်ကြီးဌာန၏ လက်အောက်ရှိ ဌာန၊ အဖွဲ့အစည်းအကြီးအကဲများ | အဖွဲ့ဝင် |
| (၆) | ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာန၊ အဖွဲ့အစည်းအကြီးအကဲများ | အဖွဲ့ဝင် |
| (၇) | ပါမောက္ခချုပ်များ | အဖွဲ့ဝင် |
| (၈) | ဒီဂရီကောလိပ်နှင့် သိပ္ပံ ကျောင်းအုပ်ကြီးများ | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့် ပညာဦးစီးဌာန(အောက်မြန်မာပြည်) | အတွင်းရေးမှူး |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့် ပညာဦးစီးဌာန(အထက်မြန်မာပြည်) | တွဲဖက် အတွင်းရေးမှူး |

၅။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၇) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၇) တက္ကသိုလ်ပညာရေးအဖွဲ့အသီးသီးက တင်ပြသော တက္ကသိုလ်ပညာတိုးတက်ရေးလုပ်ငန်းများကို စိစစ်သုံးသပ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်။"

၆။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေပုဒ်မ ၁၀ တွင် ပါရှိသော "တက္ကသိုလ် သို့မဟုတ် ကောလိပ်၊ သိပ္ပံ" ဆိုသည့် စကားရပ်ကို "တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၁။ (က) ပညာရေးဝန်ကြီးဌာနသည် မိမိလက်အောက်ရှိ တက္ကသိုလ်များကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အလို့ငှာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) နှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တို့ကို ဖွဲ့စည်းထားရှိရမည်။

(ခ) တက္ကသိုလ် သို့မဟုတ် တက္ကသိုလ်များကို စီမံခန့်ခွဲရသည့် အခြားဝန်ကြီးဌာနသည် မိမိလက်အောက်ရှိ တက္ကသိုလ် သို့မဟုတ် တက္ကသိုလ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် အလို့ငှာ ဦးစီးဌာနတစ်ခုခုအား လိုအပ်သလို သတ်မှတ်တာဝန်ပေးအပ်ထားရှိရမည်။"

၈။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေပုဒ်မ ၁၂ တွင် -

(က) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)၌ ပါရှိသော "ပညာရေးဝန်ကြီးဌာန သို့မဟုတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၇) ဌာနမှူး(စီမံ၊ ဘဏ္ဍာ) သို့မဟုတ် အတွင်းရေးမှူး
မော်ကွန်းထိန်း သို့မဟုတ်
လက်ထောက်မော်ကွန်းထိန်း"

(ဂ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာဝန်ကြီးဌာနသည် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ စီမံခန့်ခွဲရေးအဖွဲ့များကို ဖွဲ့စည်းပြီး ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။"

၉။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတက္ကသိုလ် ပညာရေးဥပဒေပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံကို စီမံခန့်ခွဲသော သက်ဆိုင်ရာ ဝန်ကြီးဌာနကဖြစ်စေ၊ ယင်းဝန်ကြီးဌာန၏ လက်အောက်ရှိ ဦးစီးဌာနကဖြစ်စေ လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ